Message Four

## သစ္စာနှင့်လည်းကောင်း၊ သတိပညာနှင့်လည်းကောင်း ပြည့်စုံသော ကျွန်ဖြစ်ခြင်းအားဖြင့် သခင်ဘုရားကြွလာခြင်းအတွက် ကျွန်ုပ်တို့ကိုယ်ကို အဆင်သင့်ဖြစ်စေခြင်း

ဖတ်ရန်ကျမ်း။ ။ မ၊ ၂၄း၄၅-၅၁

I. **"အရှင်သည် မိမိအိမ်သူအိမ်သားအပေါင်းတို့အား အချိန်တန်လျှင် အစားအသောက်တို့ကို ဝေမျှစေခြင်းငှာ ခန့်ထား၍၊ သစ္စာနှင့် လည်းကောင်း၊ သတိပညာနှင့်လည်းကောင်း ပြည့်စုံသောကျွန်ကား အဘယ်သူနည်း။ ဤသို့ပြုလျက်နေသည်ကို အရှင်သည် ပြန်လာ၍ တွေ့၏၊ ထိုကျွန်သည် မင်္ဂလာရှိ၏။ ငါအမှန်ဆိုသည်ကား၊ အရှင်သည် မိမိဥစ္စာရှိသမျှ တို့ကို ထိုကျွန်၌ အပ်လိမ့်မည်"- မ၊၂၄း၄၅-၄၇။**

A. ယုံကြည်ခြင်း၌တည်သော ဘုရားသခင်၏စီမံကိန်းမှာ ကိုယ်တော်၏အိမ်ထောင်စုစီမံကိန်း၊ ကိုယ်တော်၏အိမ်ထောင်စုစီမံ ခန့်ခွဲခြင်းဖြစ်၍၊ ယင်းမှာ ကိုယ်တော်သည် ခရစ်တော်၌ သူကိုယ်တော်တိုင်ကို သူရွေးချယ်ထားသော လူများအထဲသို့ ဝေငှ ဖြန့်ဖြူးရန်ဖြစ်သည်။ ဤသို့ဖြင့် ဘုရားသခင်သည် သူကိုယ်တော်တိုင်ကို ထင်ရှားရန်အတွက် အိမ်ကို ရရှိမည်ဖြစ်သည်။ ထိုအိမ်သည် အသင်းတော်၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သည်- ၁တိ၊ ၁း၄။ ၃း၁၅။ ဧ၊၂း၁၉။

B. သစ္စာရှိသော၊ သတိပညာရှိသော ကျွန်သည် ကိုယ်တော်၏ ယုံကြည်သူများအဖို့ ဘုရားသခင်၏အိမ်တော်၌ အိမ်ထောင် တစ်ခုလုံးကို စီမံခန့်ခွဲသူ၊ ခရစ်တော်အား "အစားအစာ" အဖြစ် ဝေငှဖြန့်ဖြူးပေးသော ဘဏ္ဍာစိုးဖြစ်သည်- ၁ကော၊၉း၁၇။ ဧ၊၃း၂။ ၁ကော၊၄း၁။ ၁ပေ၊၄း၁၀။

1. သစ္စာရှိခြင်းမှာ သခင်ဘုရားထံ ပြသခြင်းဖြစ်၍ (၁ကော၊ ၄း၂။ ၇း၂၅)၊ သတိပညာရှိခြင်းမှာ ယုံကြည်သူများထံ လေ့ ကျင့်လုပ်ဆောင်ခြင်း ဖြစ်သည် (ညွှန်း၊ ကော၊၁း၂၈။ ၂ရာ၊၁း၁၀။ ဖိ၊၄း၅)။
2. ကောင်းကင်များ၏ နိုင်ငံတော်ထင်ရှားခြင်း၌ သခင်ဘုရားသည် သစ္စာရှိသော ကျွန်အား ကိုယ်တော်၏ ပိုင်ဆိုင်မှုအား လုံးကို အပ်ပေးမည်ဖြစ်သည်၊ ဤသည်မှာ ကိုယ်တော်၏ကျွန်အဖို့ ဆုလာဘ်ပင်ဖြစ်သည်- မ၊၂၅း၂၁၊၂၃။

C. *အစားအသောက်တို့ကို ဝေမျှစေခြင်း* ဟူသည်မှာ အသင်းတော်၌ရှိသော ယုံကြည်သူများထံ ဘုရားသခင်၏ နှုတ်ကပတ် တော်နှင့် ခရစ်တော်ကို အသက်မစရာအဖြစ် အမှုဆောင်ခြင်းကို ရည်ညွှန်းသည်။ အသက်ပေးသော ဝိညာဉ်တော်တည်း ဟူသော ခရစ်တော်သည် ကျွန်ုပ်တို့၏ အစားအစာ ဖြစ်ပြီး၊ အသက်၏စကားတော်၌ ကိုယ်ထင်ရှား၍ နားလည်သဘော ပေါက်ရသည်- ၂၄း၄၅။ ယော၊ ၆း၅၇၊ ၆၃၊ ၆၈။

1. သခင်ဘုရားအား ကျွန်ုပ်တို့၏ဝိညာဉ်ဆိုင်ရာ အစာအဖြစ် မွေ့လျော်ဝမ်းမြောက်ရန် အလို့ငှာ၊ ကျွန်ုပ်တို့သည် ကိုယ် တော်၏စကားတော်များအား အမျိုးမျိုးသော ဆုတောင်းခြင်း၊ ကိုယ်တော်၏စကားတော်အား ဆင်ခြင်ရွတ်ဆိုခြင်း၊ ကိုယ်တော်၏စကားတော်အား များစွာသော ပြန်လည်သုံးသပ်ခြင်းနှင့်အတူ ကျယ်လောင်စွာ ပြောထွက်ခြင်းအားဖြင့် လက်ခံရရှိရန် လိုအပ်ပါသည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် အခြားသူများအား ကျွေးမွေးနိုင်မည်ဖြစ်သည်- ဧ၊၆း၁၇-၁၈။ ဆာ၊ ၁၁၉း၁၅ (အောက်ခြေမှတ်စုကို ကြည့်ပါ)၊ ၄၈၊ ၁၄၈။ ယောရှု၊ ၁း၈။ ဝတ်၊ ၁၁း၂-၃။ ယေ၊ ၃း၁-၄။ ကော၊ ၃း၁၆။
2. ကျွန်ုပ်တို့သည် ဆုတောင်းခြင်းနှင့် နှုတ်ကပတ်တော်၏ အမှုတော်၌ အမြဲပြု၍ နေရန် လိုအပ်ပါသည်- တ၊ ၆း၄။ ညွှန်း၊ ဟေဗြဲ၊ ၇း၂၅။ ၈း၂။
3. ကျွန်ုပ်တို့သည် အသင်းတော်ကို တည်ဆောက်ရန်- ကျွန်ုပ်တို့၏ဝိညာဉ်ကိုလေ့ကျင့်ခြင်းမှတဆင့် သန့်ရှင်းသောဝိညာဉ် တော်၏ချက်ချင်းဖြစ်သော၊ လန်းဆန်းသစ်လွင်သောလှုံ့ဆော်ပေးခြင်း၊ ဘိသိက်ပေးခြင်းနှင့်အလင်းဖွင့်ပြခြင်းအောက် တွင်ရှိသော ဤအသက်၏ အသက်ရှင်သော စကားတော်များနှင့်အတူ ကျွန်ုပ်တို့တွေ့မြင်ရသည့်အရာကို ပြောထွက် ခြင်းအားဖြင့် ပရောဖက်ပြုရန် လိုအပ်သည်- ၁ကော၊ ၁၄း၄ခ။ တ၊ ၅း၂၀။ ၄း၂၀။ ၂၂း၁၅။

4. ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုနှင့် ကျွန်ုပ်တို့၏ဂရုစိုက်မှုအောက်တွင်ရှိသော သူတို့အား ကျွေးမွေးရန်၊ ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာ အစာနှင့် ကျွန်ုပ်တို့၏မစထောက်ပံ့ရာအဖြစ် အသက်ပေးသောဝိညာဉ်တော်ကို လက်ခံရရှိရန် ဘုရားသခင်အထဲသို့ မိမိတို့ကိုယ်ကို ဆုတောင်းရန် လိုအပ်ပါသည်- လု၊ ၁၁း၁-၁၃။
5. ကျွန်ုပ်တို့သည် အခြားသူများအား အသက်ကိုပေးနိုင်သူ အသက်ပေးသောဝိညာဉ်တော်၏ လမ်းကြောင်းများ ဖြစ်သော အသက်ပေးခြင်းကို "တောင်းလျှောက်သောသူများ" ဖြစ်ရန် လိုအပ်ပါသည်- ၁ယော၊ ၅း၁၆။
6. ကျွန်ုပ်တို့သည် ယေရှု၏သက်သေခံချက်ဖြစ်သော မီးခုံတိုင်အထဲသို့ ၎င်း၏ထွန်းလင်းခြင်းအတွက် ဝိညာဉ်တော် စီးဆင်းရန်၊ ဝမ်းမြောက်ခြင်း၏ဆီတည်းဟူသော လန်းဆန်းသော၊ တည်ရှိနေသော၊ ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်နှင့်အတူ  စဉ်ဆက်မပြတ် ဖြည့်ပေးခြင်းကို ခံယူသောသူများ ဖြစ်သည့် "လန်းဆန်းသစ်လွင်သောဆီ" ၏သားများ ဖြစ်ရန် လိုအပ်ပါသည်- ဇာ၊ ၄း၆၊ ၁၂-၁၄။ ဖိ၊ ၁း၂၅။ ဗျာ၊ ၃း၁၈။ မ၊၂၅း၉။
   a. တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် ကိုယ်တော်၏သဘောသဘာဝ၌ရှိသော ရွှေရောင်ထွန်းတောက်သောဆီ ဖြစ်သည့် ဘုရားသခင်အား ပို၍ရယူရန် အဖိုးအခပေးရမည် ဖြစ်သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ရွှေရောင်ထွန်းတောက်သော ယေရှုရှလင်မြို့သစ် တည်ဆောက်ခြင်းအတွက် စင်ကြယ်သော ရွှေမီးခုံတိုင် ဖြစ်လာနိုင်မည် ဖြစ်သည်- ၂ပေ၊ ၁း၄။ ဗျာ၊ ၃း၁၈။ ၁း၂၀။ ၂၁း၁၈။ မ၊၂၅း၈-၉။
   b. ယနေ့ ကျွန်ုပ်တို့သည် ဤအကြောင်းအရာအား ကျွန်ုပ်တို့၏တွေ့ကြုံခံစားခြင်းသို့ ယူဆောင်ကြသောအခါ၊ ကျွန်ုပ်တို့ထံမှ စီးထွက်သော ဝိညာဉ်တော်သည် ဘုရားသခင်ဖြစ်၍၊ ဘုရားသခင်သည် ရွှေဖြစ်ကြောင်းကို သိမြင်ရသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် အခြားသူများအား ခရစ်တော်ကို အမှုဆောင်ကြသောအခါ သူတို့အား ဆီဖြင့်မစ ထောက်ပံ့နေခြင်း ဖြစ်ပြီး၊ အမှန်တကယ်တွင် သူတို့အား ဘုရားသခင်ဖြင့် မစထောက်ပံ့နေခြင်းဖြစ်သည်- ဇာ၊ ၄း၁၂-၁၄။ ယော၊ ၇း၃၇-၃၉။ ၂ကော၊ ၃း၃၊ ၆၊ ၈။ လု၊ ၁၀း၃၄။

II. **"သို့မဟုတ်မူကား၊ အကြင်ကျွန်ဆိုးက ငါ့အရှင်လာခဲလိမ့်မည်ဟု စိတ်နှလုံးထဲ၌ အောက်မေ့သည်နှင့် ကျွန်ချင်းတို့ကို ရိုက်ပုတ်လျက် သေသောက်ကြူးသော သူတို့နှင့်တကွ စားသောက်လျက်နေ၏။ ထိုကျွန် မကြည့်မမျှော်သော နေ့ရက်၊ မကြားမသိသော အချိန်နာရီ၌ သခင်သည်ရောက်လာလျှင်၊ ထိုကျွန်ကို ခွဲထား၍ သူ၏ဝေစုအဖြစ် ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်း ရှိရာအရပ်၌ လျှို့ဝှက်သောသူတို့နှင့်တကွ နေရာချလတ့ံ"- မ၊ ၂၄း၄၈-၅၁။**

A. ကျွန်ုပ်တို့၏စိတ်နှလုံး၌ ကျွန်ုပ်တို့၏အရှင် လာခဲလိမ့်မည်ဟု ပြောခြင်းမှာ ဆိုးညစ်သော မျက်မှောက်ခေတ်ကာလကို ချစ်မြတ်နိုး၍၊ သခင်ဘုရား၏ ပေါ်ထွန်းတော်မူခြင်းအား ချစ်မြတ်နိုးမှုမရှိခြင်း ဖြစ်သည်- ၂တိ၊ ၄း၈၊ ၁၀။
1. *ကြွလာခြင်း* အတွက် ဂရိစကားမှာ *ပါရိုးစီးယား* ဖြစ်ပြီး "မျက်မှောက်တော်"ဟု အဓိပ္ပါယ်ရသည်။ သခင်ဘုရား၏ ပေါ်ထွန်းခြင်း၊ ကိုယ်တော်၏ကြွလာခြင်းကို ချစ်မြတ်နိုးရန် ကျွန်ုပ်တို့သည် ယနေ့ ကိုယ်တော်၏ပေါ်ထွန်းခြင်းနှင့် ကိုယ်တော်၏ မျက်မှောက်တော်ကို ချစ်ရမည်ဖြစ်သည်- မ၊၂၄း၃၊ ၃၇။ တ၊ ၂၆း၁၆။ ၂ကော၊ ၂း၁၀။ ဓမ္မသီချင်း- ၃၈၉။
2. ယနေ့ ကျွန်ုပ်တို့ရှိနေသလွှေ့ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် ကိုယ်တော်၏ ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးသင့်ပြီး၊ ကိုယ်တော်၏ကြွလာခြင်းကို စောင့်မျှော်နေကြကာ၊ ကိုယ်တော်၏ကြွလာခြင်းအား သတိပေးခြင်းတစ်ခု၊ ခွန်အားပေးခြင်းတစ်ခုနှင့် လှုံ့ဆော်ပေးသောအရာ တစ်ခုအဖြစ် ယူဆောင်သင့်ပေသည်- ၂တိ၊ ၄း၈။ ဖိ၊ ၃း၂၀။ ဗျာ၊ ၂၂း၁၂။
3. ကျွန်ုပ်တို့သည် ကိုယ်တော်၏ ကြွလာခြင်းအတွက် စောင့်မျှော်နေရန်နှင့် အသင့်ဖြစ်နေရန် လိုအပ်ပါသည်- မ၊ ၂၅း၁၃။ ၂၄း၄၄။ ဗျာ၊ ၁၉း၇။
4. ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်အတွက် ဥစ္စာပစ္စည်းများကို သိုထားခြင်းမပြုဘဲ၊ ဘုရားသခင်ထံသို့ ကြွယ်ဝခြင်းရှိကာ၊ လောဘလွန်ကျူးခြင်းအား သတိနှင့် ကြဉ်ရှောင်ရန် လိုအပ်ပါသည်- လု၊ ၁၂း၁၆-၂၀။ ၂ကော၊ ၆း၁၀။ ဧ၊ ၃း၈။
5. ကျွန်ုပ်တို့သည် လောတ၏ဇနီးကို သတိရရန် လိုအပ်ပြီး၊ ဘုရားသခင်မှ စီရင်၍ အဆုံးစွန် ဖျက်ဆီးပစ်တော့မည့် ဆိုးညစ်သော လောကကို ချစ်မြတ်နိုးခြင်း၊ တန်ဖိုးထားခြင်း မရှိရပေ- လု၊၁၇း၂၈-၃၂။

6. ကျွန်ုပ်တို့သည် သတိဖြင့် စောင့်နေခြင်းနှင့် တောင်းလျှောက်ခြင်းရှိရန် လိုအပ်ပါသည်၊ သို့မှသာ သခင်ဘုရား၏ ကြွလာခြင်းနေ့ရက်သည် ပိုက်ကွန်ကဲ့သို့ ရုတ်တရက် ကျွန်ုပ်တို့အပေါ် ကျရောက်ခြင်းရှိမည်မဟုတ်ပေ- ၂၁း၃၄-၃၆။ ညွှန်း၊ မ၊၂း၃။
7. "သခင်ယေရှု ကြွလာတော်မူပါ" ဤသည်မှာ သခင်ဘုရားနှင့် ကိုယ်တော်၏ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးသူတို့၏ တောင့်တမျှော်လင့်ခြင်း၊ ဟစ်ကြော်ခြင်းနှင့် စဉ်ဆက်မပြတ် ဆုတောင်းခြင်း ဖြစ်သင့်ပါသည်- ဗျာ၊၂၂း၂၀။တိ၊ ၂း၁၂-၁၃။

B. ကျွန်ချင်းတို့ကို ရိုက်ပုတ်ရန် ဆိုသည်မှာ ယုံကြည်သူချင်းတို့အပေါ် မှားယွင်းစွာ ဆက်ဆံခြင်းဖြစ်သည်- ညွှန်း၊ တ၊၉း၄။
1. ကျွန်ုပ်တို့သည် ယုံကြည်သူချင်းတို့အပေါ် စစ်ကြောဆုံးဖြတ်ခြင်းနှင့် စီရင်ခြင်းကို မပြုသင့်ကြဘဲ၊ သူတို့ထံသို့ ကြင်နာခြင်း၊ စာနာခြင်း၊ ဘုရားသခင်သည် ခရစ်တော်၌ ကျွန်ုပ်တို့ကို ခွင့်လွှတ်တော်မူသကဲ့သို့ အချင်းချင်းခွင့်လွှတ်ခြင်း ရှိရမည်ဖြစ်သည်- လု၊၆း၃၇။ ဧ၊၄း၃၁-၃၂။
2. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ညီအစ်ကိုများအား ကဲ့ရဲ့ခြင်း သို့မဟုတ် ဝေဖန်ပြစ်တင်ခြင်း မပြုသင့်ဘဲ သူတို့အား ကျွန်ုပ်တို့ထက်သာ၍ မြတ်သောသူများအဖြစ် ဆင်ခြင်အောက်မေ့ရမည် ဖြစ်သည်-၁ကော၊၆း၁၀-၁၁။ ဖိ၊၂း၃၊ ၂၉။
3. ကျွန်ုပ်တို့သည် ယုံကြည်သူချင်းတို့အပေါ်တွင် (သူတို့အတွက် ဆုံးဖြတ်ချက်ချပေးခြင်း ကဲ့သို့သော) အစိုးတရမပြုသင့်ဘဲ၊ အသက်ပေးသော ဝိညာဉ်တော်တည်းဟူသော ရှင်ပြန်ထမြောက်သော ခရစ်တော်နှင့်အတူ သူတို့အား ကျွေးမွေးရန် ကျွန်တစ်ဦးကဲ့သို့ အစေခံသင့်ပါသည်- ၁ပေ၊၅း၃။ မ၊၂၀း၂၅-၂၈။ ညွှန်း၊ စာရင်း၊၁၇း၈။

C. သေသောက်ကြူးသော သူတို့နှင့်တကွ စားသောက်ရန် ဆိုသည်မှာ လောကအရာများနှင့် သေသောက်ကျူးနေသည့် လောကသားများနှင့်အတူ ပေါင်းဖော်ခြင်းဖြစ်သည်။
1. သူတို့၏ဘုရားသဘောသဘာဝနှင့် သန့်ရှင်းသော ရပ်တည်ခြင်းကြောင့် ယုံကြည်သူများသည် မယုံကြည်သူများနှင့်အတူ တွဲဘက်၍ ထမ်းပိုး မထမ်းသင့်ပေ။ ဤအရာကို ယုံကြည်သူများနှင့် မယုံကြည်သူများအကြား လက်ထပ်ထိမ်းမြားခြင်းနှင့် စီးပွားလုပ်ငန်းများကိုသာမဟုတ်ဘဲ၊ သူတို့အကြား ရင်းနှီးသော ဆက်ဆံရေး အားလုံးထံသို့လည်း ယူဆောင်လျှောက်လှမ်းသင့်ပါသည်- ၂ကော၊ ၆း၁၄။ ၁ကော၊ ၁၅း၃၃။ ညွှန်း၊ သု၊ ၁၃း၂၀။
2. ကျွန်ုပ်တို့သည် လူပျိုတို့၏တပ်မက်ခြင်းများကို ကြဉ်ရှောင်၍၊ စင်ကြယ်သော စိတ်နှလုံးဖြင့် သခင်ဘုရားကို ခေါ်သော သူတို့နှင့်အတူ အရာအားလုံးပါဝင်သော ခရစ်တော်နောက်သို့ မီအောင်လိုက်ရန် လိုအပ်ပါသည်- ၂တိ၊ ၂း၂၂။

D. သစ္စာရှိ၍ သတိပညာရှိသောကျွန်သည် နိုင်ငံတော်၏ထင်ရှားခြင်း၌ အုပ်စိုးရန် အခွင့်အာဏာနှင့်အတူ ဆုလာဘ်ပေးအပ်ခြင်းခံရမည် ဖြစ်ပြီး၊ ဆိုးညစ်သော ကျွန်မူကား ခရစ်တော်၏ ဘုန်းတော်မှလည်းကောင်း၊ နိုင်ငံတော်၏ ဘုန်းတော်မှလည်းကောင်း၊ ကိုယ်တော်၏ နိုင်ငံတော်၌ ရှိသော ကိုယ်တော်၏ ဘုန်းထင်ရှားသော မျက်မှောက်တော်မှလည်းကောင်း ဖြတ်တောက်ခြင်း ခံရမည် ဖြစ်သည်- မ၊ ၂၄း၄၇၊ ၅၁။
1. နိုင်ငံတော်၏ ထင်ရှားခြင်းမှ ဖြတ်တောက်ခြင်းခံရရန် ဆိုသည်မှာ၊ ငြိုငြင်ကြေးခြင်းနှင့် အံသွားခဲကြိတ်ခြင်းရှိရာ အရပ်ဖြစ်သော ပြင်ပအရပ် မှောင်မိုက်အထဲသို့ နှင်ထုတ်ချလိုက်ခြင်း ဖြစ်သည်။
   a. ပြင်အရပ် မှောင်မိုက်သည် နိုင်ငံတော် ထင်ရှားခြင်း၌ ဘုန်းတော်ထွန်းလင်းခြင်း၏ ပြင်ပအရပ် မှောင်မိုက်ဖြစ်သည် -၁၆း၂၈။ ၂၅း၃၀။
   b. ငိုကြွေးခြင်းသည် ယူကြုံးမရ ဝမ်းနည်းခြင်းဖြစ်၍၊ အံသွားခဲကြိတ်ခြင်းသည် မိမိကိုယ်ကိုမိမိ အပြစ်တင်ခြင်း ဖြစ်သည်။
2. မိလေနီနိုင်ငံတော်၌ ခရစ်တော်နှင့် အတူတကွ တိုင်းနိုင်ငံ လူမျိုးများအပေါ် အုပ်စိုးခြင်းမှာ သစ္စာနှင့် သတိပညာရှိသော ကျွန်တို့အဖို့ ဆုလာဘ်ပင်ဖြစ်သည်- ဗျာ၊ ၂း၂၆။ လု၊ ၁၉း၁၇-၁၉။